# စုံစမ်းမေးမြန်းရန်

## ကလေးပြုစုပျိုးထောင်မှု ပြန်ကြားရေး


လိပ်စာ - တိုရှိမရပ်ကွက် မိနမိအိခဲဘုခုရို 2-45-1 တိုရှိမရပ်ကွက်ရုံး ၄လွှာ


ဖုန်းနံပါတ် - 03-4566-2487

ဌာနနားရက် - အခါကြီးရက်ကြီးများ/ နှစ်သစ်ကူးပိတ်ရက်များ

ကလေးပြုစုပျိုးထောင်ခြင်းနှင့် သက်ဆိုင်သည့်သတင်း
အချက်အလက်များ၊ တိုင်ပင်ဆွေးနွေးမှုများ စသဖြင့်...

မနက် ၈နာရီမှ ညနေ ၅နာရီအထိ (ရုံးဖွင့်ရက်)
မနက် ၉နာရီမှ ညနေ ၅နာရီအထိ (စနေ၊ တနင်္ဂနွေ)



# ကလေးပြုစုပျိုးထောင်မှု ပြန်ကြားရေး




Presented by တိုရှိမရပ်ကွက် ကလေးပြုစုပျိုးထောင်မှုထောက်ပံ့ရေးဌာန

## 1

အခက်တွေ့နေသည့်ကိစ္စများ၊
စိတ်သောကရောက်နေသည့်ကိစ္စများ
ရှိပါက



### ဆွေးနွေးတိုင်ပင်ရန် သွားခြင်း

**ဒီလိုမျိုးစိတ်သောကရောက်စရာတွေ မရှိဘူးလား?**

- ကလေးငယ်မွေးဖွားပြီးတဲ့အခါ ဘယ်လိုနေထိုင်မှုဘဝမျိုးလဲ?
- အခုတလော ညဘက်ထထငိုလို့ ပင်ပန်းတယ်။
- ကစားစရာအရုပ်၊ ရုပ်ပုံစာအုပ် ရွေးချယ်နည်းသိချင်တယ်။
- ကလေးထိန်းကျောင်းက ဘယ်လိုနေရာမျိုးလဲ?
- ကလေးက သူငယ်ချင်းကိစ္စနဲ့ စိတ်သောကဖြစ်နေတယ်။

etc.

ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်း၊ ကလေးပြုစုပျိုးထောင်ခြင်းနှင့် သက်ဆိုင်သည့် စိတ်ပူပန်စရာကိစ္စများ၊
အမျိုးမျိုးသောစိတ်သောကရောက်စရာများကို ကလေးပြုစုပျိုးထောင်မှု အထူးကျွမ်းကျင်အတိုင်ပင်ခံများက တုံ့ပြန်ဖြေရှင်းပေးပါမည်။
မိသားစုအကြောင်း၊ ကလေးငယ်အကြောင်းများကိုလည်း နားထောင်ပေးပါမည်။
အသေးအဖွဲကိစ္စလေးများလည်း ရတာမို့လို့ စိတ်လက်ပေါ့ပါးစွာနဲ့ လမ်းကြုံဝင်လာလှည့်ပါ။



## 2

ကလေးပြုစုပျိုးထောင်ရေးနှင့်
သက်ဆိုင်သည့်



### သတင်းအချက်အလက်များ သိရှိခြင်း

**ဒီလိုသတင်းအချက်အလက်များကို ထောက်ပံ့ပေးအပ်ပါမယ်။**

- တိုရှိမရပ်ကွက်အတွင်း ကလေးထိန်းကျောင်းများ၊ မူကြိုကျောင်းများအကြောင်း
- ကလေးခေါ်သွားပြီး လည်ပတ်ကစားနိုင်သည့်နေရာများ
- မိခင်နှင့်ကလေးအတူတူ ပျော်ရွှင်နိုင်မည့်ပွဲများ
- ခေတ္တ ကလေးစောင့်ရှောက်ခြင်း၊ ကလေးပြုစုပျိုးထောင်မှု ထောက်ပံ့ရေးအကူစသည့် ကလေးထိန်းခြင်းအကူအညီများ
- မူလတန်းကျောင်းသားများ ကျောင်းဆင်းချိန်၊ နွေရာသီ ကျောင်းပိတ်ရက်နှင့် ပတ်သက်၍

etc.

ကိုယ်ဝန်ဆောင်ခြင်း၊ မီးဖွားခြင်းမှ အစပြု၍ ကလေးငယ်၏ဖွံ့ဖြိုးကြီးထွားမှုနှင့်ပေါင်းစပ်ပြီး သိလိုသည့်သတင်းအချက်အလက်များ ပြောင်းလဲသွားပါမည်။
ကလေးပြုစုပျိုးထောင်မှု ပြန်ကြားရေးတွင် နေရာကျဉ်းသော်လည်း ကလေးပြုစုပျိုးထောင်ရေးသတင်းအချက်အလက်များ အပြည့်အသိပ်နဲ့ အားလုံးကိုစောင့်မျှော်နေပါသည်။



## 3

လိုအပ်သော အခန်းကဏ္ဍသို့



### ပူးပေါင်းကူညီပါရစေ။

**ပို၍အသေးစိတ်ကျသည့် သတင်းအချက်အလက်များ ရယူရန်အတွက်**

- ပို၍ပညာရပ်ဆိုင်ရာကျသော အကြောင်းအရာများ မေးမြန်းလိုခြင်း
- မည်သည့်နေရာသို့ သွားရမည်ကို မသိခြင်း
- ဌာနအသီးသီး၌ လုပ်ထုံးလုပ်နည်းများ လိုအပ်ပါသည်။
- နောက်ဌာနတစ်ခုတွင် မည်သို့ပြောရမည်ကို မသိ၍ စိတ်မအေးရခြင်း
- တစ်နေရာတွင်ပြောခဲ့သည့်အကြောင်းအရာကို နောက်တစ်နေရာသို့ ချိတ်ဆက်ပေးစေလိုခြင်း

etc.

ဒီလိုအခြေအနေမျိုးမှာ ကလေးပြုစုပျိုးထောင်ရေး အထူးကျွမ်းကျင်အတိုင်ပင်ခံများက သင့်လျော်သောဌာနကို လမ်းညွှန်ပြီး ချိတ်ဆက်ပေးသွားပါမည်။
ကလေးပြုစုပျိုးထောင်မှု ပြန်ကြားရေးသည် လူကြီးမင်းတို့၏ လိုအပ်သော သက်ဆိုင်ရာအခန်းကဏ္ဍနှင့်ပူးပေါင်းဆောင်ရွက်ပြီး ထောက်ပံ့ကူညီပေးသွားပါမည်။

